# နိဗ္ဗာန် အကြောင်း (၂)

# နိဗ္ဗာန်

**နိဗ္ဗာန်**ဟူသည် ပါဠိစာလုံး နိဗ္ဗာန ဟူသော ပုဒ်မှ လာသည်။ ငြိမ်း အေးသည် ဟု ဆိုလိုသည်။ ထို့ကြောင့် လောဘ၊ ဒေါသ၊ မောဟ မီး များကို ငြိမ်းသတ်နိုင်ခြင်းသည် နိဗ္ဗာန်ဖြစ်သည်။ (ရတနသုတ်တွင် တွေ့နိုင်သည်။)

တဖန် **နိဗ္ဗာန**  ဟူသော ပုဒ်သည် ပါဠိဘာသာ **နိ + ဝါန** =နိ နှင့် ဝါန ကို ပေါင်းထားခြင်းဖြစ်သည်။ **နိ – မရှိ၊ လွတ်မြောက်ခြင်း ၊ ထွက်ခွာခြင်း**။ **ဝါန – တဏှာ**။ နိဝါန = နိဗ္ဗာန = တဏှာမရှိခြင်း ၊ တဏှာမှ ကင်းလွတ်ခြင်း ဖြစ်သည်။

နိဗ္ဗာန် ဆိုသည်မှာ ဗုဒ္ဓဘာသာဝင်များ၏ အဆုံးစွန်သော ဘာသာရေး ရည်မှန်းချက်ဖြစ်ပေသည်။ မဟာယာနနှင့် ထေရဝါဒ ဟူ၍ဂိုဏ်းကြီး နှစ်ခုကွဲသကဲ့သို့ နိဗ္ဗာန်နှင့် ပတ်သက်သော အယူအဆမှာလည်း ကွဲပြားသည်။ မဟာယာန ကျမ်းများတွင် နိဗ္ဗာန်ကို သုခချမ်းသာတို့ ဖြင့် ပြည့်စုံသည့် ဘုံဗိမာန်အဖြစ်လည်းကောင်း၊ သံသရာကိုယ်၌က ပင် နိဗ္ဗာန်ဖြစ်သည် ဟူ၍လည်းကောင်း ကွဲပြားသော အယူအဆ များ၊ သဘောတရားများကို တင်ပြထားသည်။ သို့သော် ထေရဝါဒ တွင်မူ ဆရာစဉ်ဆက်နှင့် ကျမ်းဂန်များတွင် နိဗ္ဗာန်သည် တည်နေရာ

ဘုံအဖြစ် မယူဆ၊ မသတ်မှတ်သင့်ကြောင်း၊ သံသရာနှင့် ဆက်စပ်မှု ကင်းမှ သာလျှင် နိဗ္ဗာန်ဖြစ်ကြောင်း အစရှိသဖြင့် တိကျစွာရှင်းလင်း ပြဆိုထားပေသည်။

ထေရဝါဒ ဗုဒ္ဓကျမ်းဂန်အရ ၃၁ ဘုံ၌ ရှိကြသော သတ္တဝါတို့သည် သံသရာလည်ကြရာတွင် ၃၁-ဘုံမှ စိတ်၏ လုံးဝ ချမ်းသာရာဖြစ်သော ကိလေသာများမှ လွတ်ကင်းရာကို **နိဗ္ဗာန်**ဟု ခေါ်သည်။ နိဗ္ဗာန်တွင် လူတို့၏ ဒုက္ခအားလုံးမှ ကျွတ်ငြိမ်းပြီး နိဗ္ဗာန် သို့ရောက်ရှိပြီးနောက် သံသရာ အသစ်တဖန်ပြန်လည်ခြင်း မရှိတော့ပေ။

အချုပ်အားဖြင့် နိဗ္ဗာန်ဆိုသည်မှာ တပ်မက်မှု၊ တွယ်တာမှု ကင်းရာ(မဖြစ်ရာ) ဟူ၍ အဓိပ္ပါယ်ရသည်။ ဘဝတစ်ခုနှင့် တစ်ခုကို ဆက်စပ်ပေးတတ်သော တပ်မက်မှု (တဏှာ) မဖြစ်ရာ ကုန်ဆုံးရာ (တဏှာ)မှ လွတ်မြောက်ရာ လွတ်မြောက်ကြောင်းပင် ဖြစ်သည်။

နိဗ္ဗာန်သည် ကောင်းကင်ဘုံကဲ့သို့ နေရာအဖြစ် မရှိပေ။ နိဗ္ဗာန်သည် ဥပေက္ခါပြုခြင်းကဲ့သို့ သံသရာ နှင့်ဆန့်ကျင်ဖက် ဖြစ်သည်။

# နိဗ္ဗာန် နှစ်မျိုး

ဗုဒ္ဓဘာသာအရ နိဗ္ဗာန် နှစ်မျိုးရှိသည်။

1. သဥပါဒိသေသ နိဗ္ဗာန်
2. အနုပါဒိသေသ နိဗ္ဗာန် တို့ဖြစ်သည်။

# သဉပါဒိသေသ နိဗ္ဗာန်

မသေမီ ဤရုပ်နာမ် ဖြစ်သော ဤခန္ဓာကိုယ်ကြီးရှိနေစဉ် အတောအတွင်း ရသော မဂ်ဖိုလ်ချမ်းသာကို သဉပါဒိသေသ နိဗ္ဗာန် ဟု ခေါ်သည်။

• ပထမမဂ်ဉာဏ်ရသော သောတာပန်သည် သောတာပတ္တိမဂ်ကို မြင်အပ်၊ ရအပ်သော သဉပါဒိသေသ နိဗ္ဗာန် ကိုရ၏။
• ဒုတိယမဂ်ဉာဏ်ရသော သကဒါဂါမ်သည် သကဒါဂါမိမဂ်ကို မြင်အပ်၊ ရအပ်သော သဉပါဒိသေသ နိဗ္ဗာန် ကိုရ၏။
• တတိယမဂ်ဉာဏ်ရသော အနာဂါမ်သည် အနာဂါမိမဂ်ကို မြင်အပ်၊ ရအပ်သော သဉပါဒိသေသ နိဗ္ဗာန် ကိုရ၏။

အကျဉ်းအားဖြင့် သံသရာ၌ အဆုံးမရှိကျင်လည်ရခြင်းကိုဖြစ်စေသော တဏှာ၊ ကိလေသာ စသည်တို့ ကုန်ခမ်းသွားခြင်းကို သဉပါဒိသေသ နိဗ္ဗာန်ဟု ဆိုနိုင်သည်။

# အနုပါဒသေသ နိဗ္ဗာန်

သေပြီးနောက် ဘဝမကူးတော့ပဲ ရအပ်သောမဂ်ဖိုလ်ချမ်းသာကို အနုပါဒိသေသ နိဗ္ဗာန်ဟု ခေါ်သည်။

• စတုတ္ထမဂ်ဉာဏ်ရသော ရဟန္တာသည် သဉပါဒသေသ နိဗ္ဗာန်ကိုရ၍ မသေမီ ခန္ဓာရှိစဉ် အတောအတွင်း နိဗ္ဗာန်သန္တိသုခ ချမ်းသာကြီးကို

(၇)ရက်ထိ မစား၊ မသောက်၊ မအိပ်ပဲ ဝင်စား၍ နေနိုင်၏။ သေလေ သောအခါ **ခန္ဓာပြန်မရတော့ပဲ** ဘဝတစ်ဖန် **ပြန်မဖြစ်တော့သည့်** အနုပါဒိသေသ နိဗ္ဗာန်ကို စံဝင်နိုင်ကြရပါသည်။

# နိဗ္ဗာန်၏ ဝုဏ်ပုဒ်များ

1. မာန်မယစ်ရာ နိဗ္ဗာန်။ (မဒနိမ္မဒနော)
2. တဏှာမွတ်သိပ်ခြင်းကို ပယ်ဖျောက်ရာ နိဗ္ဗာန်။ (ပိပါသဝိနယော)
3. ကာမဂုဏ် အာလယကို အကြွင်းမဲ့ခွာရာ နိဗ္ဗာန်။ (အာလယသမုဂ္ဃါတော)
4. ဝဋ်သုံးပါးမှ ကင်းပြတ်ရာ နိဗ္ဗာန်။ (ဝဋ္ဋုပစ္ဆေဒေါ)
5. တဏှာကုန်ငြိမ်းရာ နိဗ္ဗာန်။ (တဏှာက္ခယော)
6. ရာဂကင်းလွတ်ရာ နိဗ္ဗာန်။ (ဝိရာဂေါ)
7. တဏှာ၏ချုပ်ရာ နိဗ္ဗာန်။ (နိရောဓော)
8. အမြဲခိုင်ခန့်သော နိဗ္ဗာန်။ (ဓုဝံ)
9. အိုခြင်းမရှိသော နိဗ္ဗာန်။ (အဇရံ)
10. သံသရာချဲ့တတ်သော တရားမရှိသော နိဗ္ဗာန်။ (နိပ္ပပဉ္စံ)
11. မဖောက်မပြန် မှန်ကန်သော နိဗ္ဗာန်။ (သစ္စံ)
12. သံသရာ၏ ဟိုမှာဘက်ကမ်းဖြစ်သော နိဗ္ဗာန်။ (ပါရံ)
13. ဉာဏ်နဲ့သူတို့ အလွန်မြင်နိုင်ခဲသော နိဗ္ဗာန်။ (သုဒုဒ္ဒသံ)
14. ကိလေသာကင်းဝေး ချမ်းအေးသော နိဗ္ဗာန်။ (သိဝံ)
15. သေခြင်းကင်းရာ နိဗ္ဗာန်။ (အမတ)
16. ငြိမ်းချမ်းရာ ဘေးကင်းရာ နိဗ္ဗာန်။ (ခေမံ)

17. သင်္ခါရကင်းဖွယ် အံ့ဖွယ်သူရဲ မဖြစ်ဖူးသော နိဗ္ဗာန်။ (အဗ္ဘုတံ)
18. ဘေးမရှိသော နှောင့်ယှက်ပူပန်ခြင်းကင်းရာ နိဗ္ဗာန်။ (အနီတိကံ)
19. ဝဋ်ဆင်းရဲမှ စောင့်ရှောက်ရာ နိဗ္ဗာန်။ (တာဏံ)
20. ဘေးရန်လွတ်ရှောင်း ပုန်းအောင်းရာ နိဗ္ဗာန်။ (လေဏံ)
21. ဩဃမလွှမ်းသော ကျွန်းတည်းဟူသော နိဗ္ဗာန်။ (ဒီပံ)
22. ကိလေသာမှ စင်စစ် စင်ကြယ်သော နိဗ္ဗာန်။ (ဝိသုဒ္ဓိ)
23. သူတော်ကောင်းတို့ တောင့်တအပ်သော နိဗ္ဗာန်။ (ဝရံ)
24. သိမ်မွေ့နူးညံ့သော နိဗ္ဗာန်။ (နိပုဏံ)
25. အကြောင်းတရား မပြုပြင်အပ်သော နိဗ္ဗာန်။ (အသင်္ခတ)
26. ကိလေသာမှ လွတ်သော နိဗ္ဗာန်။ (မောက္ခော)
27. အထူးသဖြင့် ချီးမွမ်းအပ်သော နိဗ္ဗာန်။ (သေဋ္ဌော)
28. အတုမရှိ အလွန်မြတ်သော နိဗ္ဗာန်။ (အနုတ္တရော)
29. လောကသုံးပါး၏ ဆုံးရာ နိဗ္ဗာန်။ (လောကဿန္တော)

နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့ကို သိအောင်ပြု၍ အဖန်ဖန် နှလုံးသွင်းရာ၏၊ ဆင်ခြင်အောက်မေ့ရာ၏၊ ဤသို့ နိဗ္ဗာန်၏ဂုဏ်တို့ကို အသီးသီး ဆင်ခြင် အောက်မေ့သည်ရှိသော် အလွန် စိတ်ကြည်လင်၏၊ ဉာဏ်ကြီးထွား၏၊ စိတ်အေးချမ်းတည်ကြည်၏၊ ဥပစာရ ချာန်ကိုရ၏။ (လယ်တီဆရာတော် ကမ္မဋ္ဌာန်းကျမ်း။ စာ-၁၉၃။)

ဆင်တူဝေါဟာရနှင့် ပရိယာယ် အဟောများကိုပါ ဘာသာပြန်လျှင် နိဗ္ဗာန်၏ ဂုဏ်ပုဒ်များမှာ –

ကံ၊စိတ်၊ဥတု၊အာဟာရ တို့၏ ပြုပြင်စီရင် ခြင်းမှ လွတ်သော တရား ၊ အလုံးစုံငြိမ်းချမ်းခြင်း ၊ ပြုပြင်ပြောင်းလဲမှု မရှိသော အေးငြိမ်း ချမ်းသာမှု ၊ တဏှာမရှိခြင်း ၊ တဏှာမှ ကင်းလွတ်ခြင်း ၊ ဒုက္ခမှ အပြီးတိုင်လွတ်မြောက်ခြင်း ၊ မွေး၊အို၊နာ၊သေ မရှိခြင်း ၊ စွန့်လွှတ် ခြင်း ၊ လွတ်မြောက်ခြင်း ၊ မကပ်ငြိခြင်း ၊ ဘဝ မရှိခြင်း ၊ ပူဆွေးမှု မ ရှိခြင်း ၊ ငိုကြွေးမှုမရှိခြင်း ၊သောက မရှိခြင်း ၊ အညစ်အကြေး ကိလေသာ မရှိခြင်း စသည်တို့ဖြစ်သည်။ ဒီဃနိကာယ် မဟာ သတိပ ဋ္ဌာန သုတ်တော်(အဋ္ဌကထာ )မှ ဂုဏ်ပုဒ်များဖြစ်သည်။ သဠာယတန – သံယုတ်ပါဠိတော် လာ ဂုဏ်ပုဒ် များကို ပထမ ရွှေကျင်ဆရာတော် ဘုရား အနက်ပေးထားရာ နိဗ္ဗာန် ၏ ဂုဏ်ပုဒ် (၃၀) ရှိသေးသည်။

ဒုက္ခ နိရောဓ သစ္စာ ၊ သုညတ ၊ အမတ ၊ နိဗ္ဗာန် ၊ အသင်္ခတ ၊ အဘူတ ၊ သန္တိ ၊ ခေမ စသော ဝေါဟာရ အားလုံးကို ဘာသာပြန်လျှင် လွန်စွာ များပေလိမ့်မည်။ ထို့ကြောင့်လည်း တိတိရှင်းရှင်းနှင့် ထိထိ မိမိ အတိအကျ နားလည်အောင် ဖော်ပြနိုင်သော ဘာသာစကားမရှိ ဟု ဆိုကြရပေသည်။ အင်္ဂုသာဝကကြီးများ ၊ ရဟန္တာကြီးများ ၏ နိဗ္ဗာန် ကို ဖွင့်ဆိုချက်များသည်လည်း တမူထူးခြားကြသေးသည်။ တင်ပြခဲ့ သမျှတွင် နိဗ္ဗာန်ဆိုတာ အသင်္ခတ ဓမ္မအစစ်အမှန် ဖြစ်ကြောင်း ၊ရှိကြောင်း နှင့် နိဗ္ဗာန်ကို ရရှိရန် ပြည့်စုံသိရှိနားလည်ရန် သတိပဋ္ဌာန်လေးပါးသည်သာ တစ်ကြောင်းတည်းသော လမ်းစဉ် ဖြစ်ကြောင်း ကို သတိပြုမိရင် ကိုယ်နှစ်သက်ရာ ဂုဏ်ပုဒ်များနှင့် ကြည်ညိုလို့ ရပါသည်။

နိဗ္ဗာန်၏ ဂုဏ်ကျေးဇူးတို့ကို သိအောင်ပြု၍ အဖန်ဖန် နှလုံးသွင်း ရာ၏ ၊ ဆင်ခြင်အောက်မေ့ရာ၏ ၊ ဤသို့ နိဗ္ဗာန်၏ဂုဏ်တို့ကို

အသီးသီး ဆင်ခြင် အောက်မေ့သည်ရှိသော် အလွန် စိတ်ကြည်လင်၏၊ ဉာဏ်ထက်မြက်၏၊ စိတ်အေးချမ်းတည်ကြည်၏၊ ဥပစာရ ဈာန်ကိုရပြီးသည့်နောက် မဂ်ဖိုလ် အဆင့်ဆင့်ကို လွယ်လွယ်ကူကူ ထွင်းဖောက်သိမြင်နိုင်ကာ လောကဒုက္ခအားလုံးမှ လွတ်မြောက်နိုင်၏။

# မိလိန္ဒမင်းနှင့် အရှင်နာဂသိန် တို့၏ နိဗ္ဗာန်ဆိုင်ရာ အမေးအဖြေ

- ထေရ် – မင်းကြီး ၊ကောင်းကင်နှင့် နိဗ္ဗာန် သည် ထင်ရှား ရှိ၏။ သို့သော် တစုံတရာသော အကြောင်းကြောင့်မျှ မဖြစ်။
- မင်း – ဒီလိုဆို အရှင်ဘုရားသည် မရှိသောတရားကို နိဗ္ဗာန် ဟု ညွှန်ပြမိလေပြီ။
- ထေရ် – မင်းကြီး နိဗ္ဗာန် ဟူသည် ရှိ၏။ မနောဝိညာဉ်ဖြင့် သိအပ်၏။ စင်ကြယ်မြင့်မြတ်သော ၊ အနှောက် အယှက် အပိတ်အပင် ကင်းသော ၊ ကာမဂုဏ် အာမိသ ကင်းသော စိတ်ဖြင့် ကောင်းစွာ ကျင့်သော အရိယာတို့သည် နိဗ္ဗာန် ကို သိနိုင် ၊ မြင်နိုင်သည်။
- မင်း – အရှင်ဘုရား၊ နိဗ္ဗာန်သည် မရှိတရား မဟုတ်လျှင် နိဗ္ဗာန်ကို ဥပမာဖြင့် ပြတော်မူပါ။ နိဗ္ဗာန် ဟူသည် အဘယ်လို့ နည်း။
- ထေရ် – မင်းကြီး ၊ လေဆိုသော အရာ သည် ရှိသည် မဟုတ် လော။
- မင်း – ရှိပါသည် ၊ အရှင်။

- ထေရ် – လေသည် အဆင်း ၊ ပုံသဏ္ဍာန် အကြီးအသေး အရှည် အတို မည်သို့ ရှိပါသနည်း။
- မင်း – လေကို ညွှန်ပြ ၊ ဖော်ပြရန် မဖြစ်နိုင်ပါ။
- ထေရ် – သို့ဆိုလျှင် လေမရှိသလော ၊ လေသည် မရှိတရား လော။
- မင်း – လေသည် ရှိပါ၏။ လေကို ညွှန်ပြ ရန်တော့ မစွမ်းပါ။ သို့သော် လေရှိသည်ကို နှလုံးသား၌ သိနေပါသည်။ နှာသီး ဝ၌ တိုးနေပါသည်။ ထိုတိုးသော လက္ခဏာ အားဖြင့်လည်း သိပါသည်။
- ထေရ် – မင်းကြီး နိဗ္ဗာန် သည်လည်း ထိုသို့ပင် ဖြစ်၏။ ငြိမ်းချမ်းမှုရရှိသော လက္ခဏာ အားဖြင့် ထင်ရှားရှိကြောင်း သိရ၏။ လေကဲ့သို့ပင် အဆင်းအားဖြင့် ၎င်း ၊ ပုံသဏ္ဍာန် အားဖြင့် ၎င်း ညွှန်ပြရန် မဖြစ်နိုင်ပါ။

- မင်း – လက်ခံပါပြီ ဘုရား။ ဆက်၍မေးလိုသည်မှာ နိဗ္ဗာန် သည် တည်ရာအရပ်ရှိပါသလော။
- ထေရ် – မင်းကြီး ၊ နိဗ္ဗာန် သည် တည်ရာအရပ် မရှိပါ။
- မင်း -နိဗ္ဗာန် သည် တည်ရာအရပ် မရှိငြား ၊ နိဗ္ဗာန် သည် မရှိ နိုင် ၊ နိဗ္ဗာန် ကို မည်ကဲ့သို့ မျက်မှောက်ပြုနိုင်သနည်း။
- ထေရ် – မင်းကြီး ၊ နိဗ္ဗာန် သည် အမြဲအစွဲတည်နေရာ အရပ် မရှိသော်လည်း နိဗ္ဗာန် သည် ရှိ၏။ ကောင်းစွာကျင့်ကြံ နှလုံးသွင်းမှုဖြင့် နိဗ္ဗာန် ကို မျက်မှောက်ပြုနိုင်၏။

ဥပမာ – မီးသည် ထင်ရှားရှိ၏။ ထိုမီး၏ အမြဲအစွဲတည်နေရာ အရပ် သည် မရှိသကဲ့သို့ ဖြစ်၏။ ကျောက်ခဲ နှစ်လုံး ခတ်မှု ၊ ဝါးနှစ်လုံးပွတ်

မှ မီးဖြစ်လာ ၊ ရလာသကဲ့သို့ ဖြစ်၏။

စကြဝတေးမင်းတို့ ရရှိအပ်သော စကြာရတနာ ၊ မိဖုရားရတနာ ၊ သူကြွယ် ရတနာ ၊ ဆင်ရတနာ ၊မြင်းရတနာ စသော ရတနာ (၇)ပါးတို့ သည်လည်း တည်နေရာ မထင်ရှားပေ။ မင်းကျင့်တရားကောင်းမွန် သူထံသို့ ကပ်ရောက်လာကြကုန်၏။ ထို့အတူ သင့်တော်သော နှလုံးသွင်းမှုဖြင့် ကျင့်ကြံအားထုတ်သူတို့ သာ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြကုန်၏။

မင်း – လက်ခံပါပြီ ဘုရား ။ ။

ဟူ၍ဖြစ်လေသည်။

# Reference

- နိဗ္ဗာန် – ဝီကီပီးဒီးယား

# ၇-နိဗ္ဗာနဓာတုသုတ် (ဣတိဝုတ် ပါဠိတော်)

၄၄။ ဤဒေသနာကို ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဟော တော်မူ၏။ ပူဇော်အထူးကို ခံတော်မူထိုက်သော မြတ်စွာဘုရား ဟော တော်မူ၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်-

ရဟန်းတို့ နိဗ္ဗာနဓာတ်တို့သည် ဤနှစ်ပါးတို့တည်း။ အဘယ်နှစ်ပါး တို့နည်းဟူမူ- ခန္ဓာငါးပါးအကြွင်းရှိသော 'သဉပါဒိသေသ' နိဗ္ဗာန ဓာတ် ခန္ဓာငါးပါး အကြွင်းမရှိသော 'အနုပါဒိသေသ' နိဗ္ဗာနဓာတ်တို့ တည်း။

## ရဟန်းတို့ ခန္ဓာငါးပါး အကြွင်းရှိသော 'သဉပါဒိသေသ' နိဗ္ဗာနဓာတ် ဟူသည် အဘယ်နည်း?

ရဟန်းတို့ ဤသာသနာတော်၌ ရဟန်းသည် ပူဇော်အထူးကို ခံထိုက်သူ အာသဝေါကုန်ခန်းသူ အကျင့်မြတ်ကို ကျင့်သုံးပြီးသူ ပြုအပ်ပြီးသော (မဂ်) ကိစ္စရှိသူ ခန္ဓာဝန်ကို ချပြီးဖြစ်သူ မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးသူ ဘဝသံယောဇဉ်ကုန်ခန်းပြီးသူ ကောင်းစွာသိ၍ (ကိလေသာမှ) လွတ်မြောက်သူ ဖြစ်၏။ ထိုရဟန္တာ ပုဂ္ဂိုလ်အား (နောက်ဆုံးဘဝ၏ အကြောင်းကံ မကုန်သေးသမျှ) ဣန္ဒြေငါးပါးတို့သည် တည်ရှိကုန်သည်သာလျှင် တည်း။ ထိုရဟန္တာ ပုဂ္ဂိုလ်သည် ယင်းဣန္ဒြေငါးပါးတို့၏ (အနုပ္ပါဒနိရောဓ၏ အစွမ်း ဖြင့်) မချုပ်ကုန်သောကြောင့် ပင် နှစ်သက်ဖွယ် မနှစ်သက်ဖွယ် အာရုံ ကို ခံစား၏။ ချမ်းသာဆင်းရဲကို ခံစား၏။ ထိုရဟန္တာပုဂ္ဂိုလ်အား အကြွင်ရာဂကုန်ခန်းမှု ဒေါသကုန်ခန်းမှု မောဟကုန်ခန်းမှုသည် ရှိ၏။ ဤရာဂဒေါသမောဟကုန်ခန်းမှုကိုပင် ခန္ဓာငါးပါး အကြွင်းရှိ သော 'သဉပါဒိသေသ' နိဗ္ဗာနဓာတ်ဟု ဆိုအပ်၏။

## ရဟန်းတို့ ခန္ဓာငါးပါး အကြွင်းမရှိသော 'အနုပါဒိသေသ' နိဗ္ဗာန ဓာတ်ဟူသည် အဘယ်နည်း?

ရဟန်းတို့ဤသာသနာတော်၌ ရဟန်းသည် ပူဇော်အထူးကို ခံထိုက်သူ အာသဝေါကုန်ခန်းသူ အကျင့်မြတ်ကို ကျင့်သုံးပြီးသူ ပြုအပ်ပြီးသော (မဂ်) ကိစ္စရှိသူ ခန္ဓာဝန်ကို ချပြီးဖြစ်သူ မိမိအကျိုး (အရဟတ္တဖိုလ်)သို့ ရောက်ပြီးသူ ဘဝသံယောဇဉ်ကုန်ခန်းပြီးသူ ကောင်းစွာသိ၍ (ကိလေသာမှ) လွတ်မြောက်ပြီးသူ ဖြစ်၏။ဤ အတ္တဘော၌ပင် ထိုရဟန္တာပုဂ္ဂိုလ်အား ခံစားမှု ‘ဝေဒနာ’အားလုံး တို့သည် ရာဂစသည်တို့ဖြင့် မနှစ်သက်အပ်ကုန်မူ၍ တစ်ဖန် မဖြစ် သောအားဖြင့် ငြိမ်းအေးကုန်လတ္တံ့။ ရဟန်းတို့ ဤခံစားမှုဟူသမျှ တို့၏တစ်ဖန် မဖြစ်သောအားဖြင့် ချုပ်ငြိမ်းမှုကိုပင် ခန္ဓာငါးပါး အကြွင်းမရှိသော ‘အနုပါဒိသေသ’ နိဗ္ဗာနဓာတ်ဟု ဆိုအပ်၏။ ရဟန်းတို့ နိဗ္ဗာနဓာတ်တို့သည် ဤနှစ်ပါးတို့တည်း။ ဤအနက် သဘောကို မြတ်စွာဘုရားဟောတော်မူ၏။ ထိုသုတ်၌ ဤအနက် သဘောကို –

”တဏှာဒိဋ္ဌိအစွမ်းဖြင့် တစ်စုံတစ်ခုသောတရားကို မမှီသောတာဒိ ဂုဏ်ရှင် ဖြစ် တော်မူသော စက္ခုငါးပါးရှိသော မြတ်စွာဘုရားသည် ဤနှစ်ပါးသော နိဗ္ဗာနဓာတ်တို့ကို ပြတော်မူအပ်ကုန်၏။မှန်၏-တစ် မျိုးသော (သဉပါဒိသေသ) နိဗ္ဗာနဓာတ်သည် ဤမျက်မှောက် အတ္တဘော၌ ဖြစ်၏။ ခန္ဓာငါးပါးကြွင်းကျန်၏။ ဘဝတဏှာ ကုန်ခန်း၏။ ခန္ဓာငါးပါး အကြွင်းမရှိသော ‘အနုပါဒိသေသ’နိဗ္ဗာန ဓာတ်သည်ကား ခန္ဓာပျက်ပြီးသောအခါ၌ ဖြစ်၏။ ယင်းနိဗ္ဗာန ဓာတ်၌ အလုံးစုံအားဖြင့်ဘဝတို့သည် ချုပ်ကုန်၏။

အကြင်ပုဂ္ဂိုလ်တို့သည် ပြုပြင်ခြင်းကင်းသော ထိုနိဗ္ဗာန်ကို သိ၍ ကိလေသာမှ လွတ်မြောက်သော စိတ်ရှိကုန်၏။ ဘဝတဏှာကုန်ခန်း

ကုန်၏။ ထိုပုဂ္ဂိုလ်တို့သည် တရားအနှစ်ကို ရသောကြောင့် ရာဂ စသည်ကုန်ရာ နိဗ္ဗာန်၌ မွေ့လျော်ကုန်၏။ တာဒိဂုဏ်ရှင် ထို ဘုရားသခင်တို့သည် အလုံးစုံသော ဘဝတို့ကို ပယ်စွန့်ကုန်၏”ဟု ဤ ဂါထာဖြင့် ဆို အပ်၏။

ဤအနက်သဘောကိုလည်း မြတ်စွာဘုရား ဟောအပ်၏ဟု အကျွန်ုပ် ကြားနာခဲ့ရပါသည်။

သတ္တမသုတ်။

# Reference

- နိဗ္ဗာနဓာတုသုတ်—Pitaka Myanmar Translation